# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

## KNLA သဘောထားထုတ်ပြန်ချက်

ရက်စွဲ- ဒီဇင်ဘာလ(၁) ရက်(၂၀၂၀) ခုနှစ်

နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲရလဒ်နှင့်အတူ မကြာမီဖွဲ့စည်းမည့် အစိုးရအသစ်အနေဖြင့် စစ်မှန်သောပြည်ထောင်စုပေါ်ထွန်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရေးတကြီးစဉ်းစားလုပ်ဆောင်နိုင်ရန် ကြိုးပမ်းလိမ့်မည်ဟု မိမိတို့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ အထူးမျှော်လင့်ပါသည်။ ထို့အတူ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်မှုဖြင့် စစ်မှန်သောပြည်ထောင်စုပေါ်ထွန်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကေအဲန်အယ်လ်အေသည် မိမိတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် အလေးအနက် ပါဝင်သွားမည်ဖြစ်သည်။ မိမိတို့၏အမျိုးသားတာဝန်ကို ကျေပြွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကေအဲန်လယ်လ်အေ အနေဖြင့် လက်ရှိအစိုးရနှင့် အသစ်ဖွဲ့စည်းမည့် အစိုးရတို့အား အောက်ပါအချက်များကို အမြန်ဆုံးစဉ်းစားဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုလိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုးပြီးသော်လည်း NCA အခန်း(၃) နှင့် (၆) တို့ကိုအကောင်အထည်ဖေါ်နိုင်မှုမရှိသည့်အပြင် အခန်း(၄) ကိုလည်းထိရောက်သည့်ယန္တရားအဖြစ်မဖော်ဆောင်နိုင်ခဲ့ပေ။

၂။ NCAအခန်း (၃) အပိုဒ် (၃) တွင် စာချုပ်ချုပ်ဆိုပြီးနောက် (၁၄) ရက်အတွင်းနှစ်ဖက်တပ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးညှိနှိုင်းကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စများကို တိကျသောအချိန်ဇယားသတ်မှတ်အကောင်အထည်ဖော်ခြင်းများပြုလုပ်သွားရန်သဘောတူခဲ့သော်လည်း ယခုအချိန်အထိဆွေးနွေးနိုင်ခြင်း မရှိသေးပါ။ ထို့အပြင်မြန်မာ့တပ်မတော်မှ အခွင့်ကောင်းယူကာ NCA သဘောတူညီပါအချက်များကို ချိုးဖောက်မှုများရှိခဲ့သည်။

၃။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၃) ရက်နှင့် (၄) ရက်နေ့တွင်ကျင်းပသော ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့၏ တရားဝင် အစည်းအဝေးတွင် ကြောက်ရွံ့ခြင်းကင်းသည့် ပြည်သူများအဖြစ် ဘဝရပ်တည်နိုင်ရေးရှေ့ရှုပြီးတပ်ရွှေ့ပြောင်းရေးကိစ္စများနှင့် မိမိတို့ ကေအဲန်ယူဖက်မှ သဘောတူ သတ်မှတ်ထားသည့် လမ်းကြောင်းများမှအပ မြန်မာ့တပ်မတော်အနေဖြင့် ၎င်းတို့၏စိတ်တိုင်းကျ သွားလာလှုပ်ရှားမှုများမပြုရန် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ အဆိုပါ တရားဝင်အစည်းအဝေးတွင် မြန်မာ့တပ်မတော်အနေဖြင့်ရှေ့တန်းတပ်စခန်းများသို့ တပ်ရိက္ခာပို့ဆောင်နိုင်ရန် သွားလာနိုင်သည့် လမ်းကြောင်းကို မိမိတို့မှ သတ်မှတ်ပေးထားပြီးဖြစ်သည်။

၄။ NCA အခန်း (၃) အပိုဒ် (၅)(ဃ) နှင့် အပိုဒ် (၉)(ဋ) တွင် ပြည်သူလူထုနှင့် ဆက်စပ်ပတ်သက်သော နေရာတွင်စစ်ရေးဆိုင်ရာတပ်စခန်းချခြင်းမပြုလုပ်ရန်ပါရှိပြီး NCA အခန်း (၃) အပိုဒ် (၅)(က) တွင် အင်အား

တိုးချဲ့ခြင်း၊ အပိုဒ် (ဂ) တွင် အင်အားအသစ်ဖြည့်တင်းခြင်းနှင့် တပ်စခန်းအသစ်ထပ်မံ ဆောက်လုပ်ခြင်းများ မပြုလုပ်ရန်ပါရှိသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေးကို ရှေ့ရှုပြီး မြန်မာ့တပ်မတော် အနေဖြင့် ကျေးရွာအတွင်း ယခင်စခန်းချတပ်စွဲထားသည့် တပ်စခန်းများနှင့် ထပ်မံတိုး ချဲ့ခဲ့သည့် စခန်းများအား (၂၀၂၀) ခုနှစ်အကုန်တွင် အပြီးအပိုင် ရုတ်သိမ်းပေးရန်နှင့်၊

၅။ မြန်မာ့တပ်မတော်အနေဖြင့် အထက်ပါကိစ္စရပ်များအား လေးစားလိုက်နာမှုမရှိဘဲ ရှေ့ဆက်ချိုးဖောက် ကျူးလွန်မည်ဆိုပါက နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ပြဿနာအရပ်ရပ်သည် အစိုးရနှင့် တပ်မတော်တို့၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ ပျက်ကွက်မှုသာဖြစ်ပြီး မိမိတို့ ကေအဲန်အယ်လ်အေ အနေဖြင့် အမျိုးသားနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဦးလည်မသုန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

ဗဟိုစစ်ဦးစီးဌာနချုပ်

ဆက်သွယ်ရန် -

ဗိုလ်မှူးချုပ် ရှာထုဝေါင် (၆၆-၈၂-၂၂၅-၃၁၉၁)

ဗိုလ်မှူးချုပ် တာမလာသော (၆၆-၆၅-၉၇၂-၉၈၄၉)